## ဒီမိုကရေစီလှုပ်ရှားသူများကို ဖမ်းဆီးမှုများမရပ်နိုင်သေး

## ၃၀ နိုဝင်ဘာ ၂၀၀၇

မစ္စတာ ပီညဲရိုးက မြန်မာနိုင်ငံနဲ့ ပက်သက်တဲ့ အစီရင်ခံစာကို ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ တင်သွင်းဖို့ရှိတာမို့ ဒီအစီရင်ခံစာ မတင်သွင်းခင် ဘာသတင်းမှ ကြိုတင် မထုတ်ပြန်ထားသေးဘူးလို့ ပြောပါတယ်။ ကုလသမဂ္ဂ ကိုယ်စားလှယ်တွေ မြန်မာနိုင်ငံရေး ဆောင်ရွက်နိုင်ဖို့ လာရောက်တဲ့ အခါမှာ ဖမ်းဆီးမှုတွေ မလုပ်တော့ဘူး ဖမ်းထားသူတွေကို ပြန်ပြီးလွှတ်ပေးမယ်လို့ မြန်မာအာဏာပိုင်တွေက ပြောခဲ့ပေမယ့် အခုလို ဖမ်းဆီးမှုတွေ ရှိနေတာနဲ့ ပက်သက်ပြီး အမေရိကန်ပြည်ထောင်စုက မြန်မာ့အရေး ဆောင်ရွက်နေတဲ့ US Campaign for Burma အဖွဲ့ရဲ့ပေါ်လစီရေးရာ ဒါရိုက်တာ ဦးအောင်ဒင်က

"ကျွန်တော်တို့ တွေ့နေရတာ နအဖစစ်အုပ်စုက ထုံးစံအတိုင်းပေ့ါ။ အပြောနဲ့ အလုပ်ကတခြားစီ။ တဖက်မှာ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာ ဂမ်ဘာရီကို အဖမ်းအဆီးတွေ ရပ်လိုက်ပါပြီ မဖမ်းတော့ပါဘူး။ ဖမ်းထားတဲ့ သူတွေကိုလည်း ပြန်လွှတ်ပေးမယ်လို့ ပြောပါတယ်။ တချိန်ထဲမှာပဲ ဖမ်းဆီးမှုတွေ ဆက်ပြီးတော့ လုပ်နေပါတယ်။ အခု မကြာသေးခင် ကာလအတွင်းမှာကိုပဲ ကျွန်တော်သိရသလောက်ဆိုရင် ငါးယောက်ပေ့ါ။ လူ့အခွင့်အရေးလှုပ်ရှားသူများအဖွဲ့က ကိုအောင်ဇော်ဦး၊ နိုင်ငံရေး အကျဉ်းသားဟောင်းများဖြစ်ကြတဲ့ ကိုမြတ်စံ၊ ကိုဝင်းမော်၊ ကိုအောင်အောင်၊ မနေ့ကဆိုရင် ကျောင်းသားခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်တဲ့ ကိုတင့်ဆန်းတို့ကို ဖမ်းသွားတာရှိတယ်။ မရမ်းကုန်းမြို့နယ် ဝေဇောတရုံကျောင်းတိုက်ကို ဝင်ဆီးလို့ သံဃာတော်ထွက်ပြေးပြီး တချို့ဆို နယ်စပ်ကို ရောက်ရှိလာခဲ့တယ်။ တချိန်ထဲမှာ နိုင်ငံတကာကို မျက်လှည့်ပြ၊ ဟန်ဆောင်ကတိတွေ ပေးပြီးတော့၊ ပြည်တွင်းမှာလည်း ဒီမိုကရေစီရေးလှုပ်ရှားသူများကို ဆက်ပြီးတော့ နှိမ်နင်းဖို့ ကြိုးစားနေကြပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ နအဖစစ်အုပ်စုရဲ့ အခုလိုမျိုး မရိုးသားမှုတွေ အတွက် အင်မတန် စိတ်ပျက်ပါတယ်။ နိုင်ငံတကာ မိသားစုကြီးက အင်နဲ့ အားနဲ့ ဝိုင်းဝန်းပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်စစ်မှန်သော ဆွေးနွေးပွဲတွေလုပ်ဖို့ တိုင်းပြည်ရဲ့ ပြသနာတွေကို ငြိမ်းချမ်းစွာ အဖြေရှာဖို့၊ အတိုက်အခံ အင်အားစုများနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ တိုင်းပြည်ရဲ့ ကံကြမ္မာကို ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တောင်းဆိုနေတဲ့အချိန်မှာ နအဖ စစ်အုပ်စုအနေနဲ့ နိုင်ငံတကာ မိသားစုကြီးရဲ့ မေတ္တာ စေတနာတွေကို လက်ခံပြီးတော့ စစ်စစ်မှန်မှန်နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းတွေကို မှန်မှန်ကန်ကန်ဆောင်ရွက်ဖို့လိုပါတယ်။ အဲလို ဆောင်ရွက်ဖို့လိုတာကိုလည်း ကျွန်တော်တို့ သတိပေးချင်ပါတယ်။

*ဒီမိုကရေစီရေးလှုပ်ရှားတဲ့ သူတွေကို ထပ်ပြီးတော့ ဖမ်းဆီးနေတာတွေနဲ့ပက်သက်ပြီး မစ္စတာ ပီညဲရိုး စာတင်မယ့် ကိစ္စမှာရော ဒါတွေက ရိုက်ခတ်မှုရှိလာမယ်လို့ ထင်ပါလား။*

"အများကြီးရှိပါတယ်။ နအဖစစ်အုပ်စုရဲ့ အပြောနဲ့ အလုပ်မညီတဲ့ ဖြစ်ရပ်တွေအတွက် ကုလသမဂ္ဂ အထူးသံတမန်များဖြစ်ကြတဲ့ မစ္စတာပီညဲရိုးကရော မစ္စတာ ဂမ်ဘာရီ ကပါ စိတ်ပျက်နေတာကို အတိအလင်း ဖော်ထုတ်ပြီးသားဖြစ်ပါတယ်။ မစ္စတာ ဂမ်ဘာရီ ဆိုလို့ရှိရင်လည်း အခု အာရှတိုက်နိုင်ငံတွေကို လှည့်လည်နေတယ်။ မကြာခင် သူ နယူးယောက်ကို ပြန်လာပြီးတော့ သူ့ရဲ့ အထွေထွေ အတွင်းရေးမှူးချုပ်နဲ့ ပြန်လည် ဆွေးနွေး တိုင်ပင်ပြီးတော့ မြန်မာနိုင်ငံကို နောက်တခေါက် ပြန်သွားဖို့ ကြိုးစားမယ်။ မစ္စတာ ပီညဲရိုး ဆိုလိုရှိရင်လည်း ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှာ ဒီဇင်ဘာ ၁၁ရက်နေ့မှာ မြန်မာနိုင်ငံနဲ့ ပက်သက်ပြီး သူ့ရဲ့ အစီရင်ခံစာကို

တင်ပြမှာဖြစ်ပါတယ်။ ဆိုတော့ လက်ရှိ နအဖ စစ်အုပ်စုရဲ့ အပြောနဲ့အလုပ်မညီတဲ့ ဖြစ်ရပ်တွေ နိုင်ငံရေး လှုပ်ရှားသူတွေကို ဆက်လက်ပြီးဖမ်းဆီးချုပ်နှောင်နေတဲ့ ကိစ္စတွေဟာ သူ့ရဲ့အစီရင်ခံစာ အထင်အရှား ထင်ဟပ် ပေါ်လွင်စေမှာ ဖြစ်သလို လူ့အခွင့်အရေး ကောင်စီရဲ့ နောက်ဆက်တွဲ အရေးယူမှုတွေကိုလည်း မြင်တွေ့ရလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ တချိန်ထဲမှာပဲမစ္စတာ ဂမ်ဘာရီအနေနဲ့လည်း လုံခြုံရေးကောင်စီကို သူရဲ့ ခရီးစဉ် တိုးတက်မှုတွေကို တင်ပြရင်း၊ တဖက်မှာလည်း မြန်မာနိုင်ငံအတွင်းမှာ ရှေ့မတိုးနိုင်တဲ့ ဖြစ်ရပ်တွေ၊ နအဖစစ်အုပ်စုရဲ့ ကတိ ပျက်ကွက်မှုတွေကို သူတင်ပြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီ ကုလသမဂ္ဂ အထူးသံတမန် နှစ်ယောက်စလုံးက မြန်မာနိုင်ငံ စစ်အစိုးရကို စိတ်ပျက်နေတဲ့ အတွက်ကြောင့်မို့လို့ သူတို့ကတဆင့် သက်ဆိုင်ရာ လုံခြုံရေးကောင်စီနဲ့ လူ့အခွင့်ရေး မြန်မာ့အရေးကိစ္စကို ပိုပြီးတော့ ကြီးမားတဲ့ဖိအားပေးမှုတွေ ပေါ်လာအောင် ဆက်လက်ဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။”

အခုလိုမျိုး မြန်မာနိုင်ငံတွင်းက ဒီမိုကရေစီရေးလှုပ်ရှားနေသူတွေကို ဆက်ပြီးဖမ်းဆီးနေတာတွေ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကို အနှောက်အယှက်ပေးနေတာတွေကို အမေရိကန်ပြည်ထောင်စုအနေနဲ့ ကန့်ကွက်ရှုံ့ချကြောင်း၊ အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရှောင် မက်ကွန်းမက် က မနေ့က ကြေညာချက်တစောင် ထုတ်ပြန်လိုက်ပါတယ်။ မြန်မာစစ်အာဏာပိုင်တွေအနေနဲ့ ဘုန်းကြီးကျောင်းတွေကို ချိတ်ပိတ်နေတယ်ဆိုတဲ့ သတင်းဟာ အတော်လေး ကသိကအောင့် ဖြစ်စရာပဲလို့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။ ဒီလိုဖိနှိပ်မှုတွေဟာ စစ်အစိုးရအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ပါ့မယ့်ဆိုတဲ့စကားနဲ့လဲ ကွဲလွဲနေတယ်လို့ဆိုပါတယ်။ ကုလသမဂ္ဂ အနေနဲ့က နိုင်ငံရေးလှုပ်ရှားသူတွေကို ဖမ်းဆီးမှုတွေ လုပ်နေတာအားလုံးကို ရပ်ပစ်ဖို့ တောင်းဆိုထားပါတယ်။ အခုလို လှုပ်ရှားသူတွေကို ဆက်ပြီး ဖမ်းဆီးမှုတွေ ဆက်ပြီးလုပ်နေတယ်ဆိုတာဟာ မြန်မာနိုင်ငံကို ဒီမိုကရေစီရေး အသွင်းပြောင်းဖို့ တွေ့ဆုံဆွေးနွေးရေးတွေလုပ်မယ်ဆိုတဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ကြေညာမှုအပေါ်မှာ မေးခွန်းထုတ်စရာတွေ ဖြစ်လာတယ်လို့လည်း နိုင်ငံခြားရေး ဌာနက ကြေညာချက်မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြား နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ပေးဖို့ ကိုလည်း အမေရိကန်ပြည်ထောင်စုကနေ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တောင်းဆိုကြောင်း ဖော်ပြထားပါတယ်။ ဒါမှသာ မြန်မာနိုင်ငံမှာ အရပ်သားဒီမိုကရေစီ အစိုးရတရပ်ဖြစ်လာဖို့ အတွက် ဒီမိုကရေစီ အင်အားစုတွေ တိုင်းရင်းသား လူနည်းစုတွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အခြေအနေတွေ ဖြစ်လာမယ်လို့ အမေရိကန် ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။